# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 3 , 2023 Volume 69, Number 2


၃.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်ဆိပ်ကမ်းသို့ ဩဂုတ်လအတွင်း နိုင်ငံတကာ ကုန်သွယ်သင်္ဘော ၅၄ စင်း ဆိုက်ကပ်ကုန်သွယ်မည်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဩဂုတ်လအတွင်း နိုင်ငံတကာ ကုန်သွယ်သင်္ဘော ၅၄ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရသည်။

ထိုသို့ နိုင်ငံတကာသင်္ဘောလိုင်းများ ဆိုက်ကပ်ရာတွင် Sealand Maersk Asia သင်္ဘောလိုင်း၊ SITC သင်္ဘောလိုင်း၊ MSC သင်္ဘောလိုင်း၊ Samudera သင်္ဘောလိုင်း၊ Ever Gree nသင်္ဘောလိုင်း ၊ P.I.L သင်္ဘောလိုင်း၊ BLPL သင်္ဘောလိုင်း၊ R.C.L သင်္ဘောလိုင်း၊ Land and Sea သင်္ဘောလိုင်း၊ CMA-CGM သင်္ဘောလိုင်း၊ New Golden Sea (COSCO) သင်္ဘောလိုင်း၊ I.A.L သင်္ဘောလိုင်း၊ One သင်္ဘောလိုင်း၊ Ti2 Container သင်္ဘောလိုင်းနှင့် Bay သင်္ဘောလိုင်းစသည့် သင်္ဘောလိုင်း ၁၅ လိုင်းတို့မှ ဝင်ရောက် ကုန်သွယ်မည်ဖြစ်သည်။

အဆိုပါနိုင်ငံတကာ သင်္ဘောလိုင်းများ ဆိုက်ကပ်ရာတွင် Sealand Maersk Asia သင်္ဘောလိုင်းမှ သင်္ဘော ၁၀ စင်း၊ SITC သင်္ဘောလိုင်းမှ ငါးစင်း၊ MSC သင်္ဘောလိုင်းမှ ငါးစင်း၊ Samudera သင်္ဘောလိုင်းမှ ရှစ်စင်း၊ Ever Green သင်္ဘောလိုင်းမှ နှစ်စင်း၊ P.I.L သင်္ဘောလိုင်းမှ သုံးစင်း၊ BLPL သင်္ဘောလိုင်းမှ တစ်စင်း၊ R.C.L သင်္ဘောလိုင်းမှ ခြောက်စင်း၊ I.A.L သင်္ဘောလိုင်းမှ သုံးစင်း၊ Land and Sea သင်္ဘောလိုင်းမှ တစ်စင်း၊ CMA-CGM သင်္ဘောလိုင်းမှ တစ်စင်း၊ UNE သင်္ဘောလိုင်းမှ သုံးစင်းနှင့် Ti2 Container Line မှ တစ်စင်း၊ New Golden Sea (COSCO) သင်္ဘောလိုင်းမှ လေးစင်းနှင့် Bay သင်္ဘောလိုင်းမှ တစ်စင်း စုစုပေါင်း သင်္ဘော ၅၄ စင်း ဝင်ရောက်ကုန်သွယ်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ နိုင်ငံတကာသင်္ဘောများ ဆိုက်ကပ်ကုန်သွယ်ရာတွင် ဇန်နဝါရီလက ၅၂ စင်း၊ ဖေဖော်ဝါရီလက ၅၁ စင်း၊ မတ်လက ၅၅ စင်း၊ ဧပြီလက အစင်းရေ ၅၀၊ မေလက ၅၆ စင်း၊ ဇွန်လက ၅၇ စင်း၊ ဇူလိုင်လက ၅၃ စင်း ဆိုက်ကပ်ကုန်သွယ်ခဲ့ပြီး ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ အလျား မီတာ ၂၀၀၊ တန်ချိန် ၃၀၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှလည်း အလျား မီတာ ၂၅၀၊ တန်ချိန် ၃၅၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

https://www.myawady.net.mm/node/43798

## အိန္ဒိယနိုင်ငံတွင် နနွင်းဈေးနှုန်းမြင့်တက်



အိန္ဒိယနိုင်ငံတွင် ဧပြီလနှင့်မေလ နနွင်းစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှု မညီညာမှုကြောင့် နနွင်းအထွက်နှုန်းကို ထိခိုက်စေပြီး၊ စိုက်ပျိုးချိန် နောက်ကျသည့်အတွက် နနွင်းဈေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်း အိန္ဒိယ ကုန်သည်များက ပြောကြားခဲ့သည်။

ဂျီရာ(ကူမင်စေ့)၊ ခရမ်းချဉ်သီးနှင့်ပဲတီစိမ်းဈေးနှုန်းများ မြင့်တက်ခဲ့ပြီး နောက် ယခုအခါ နနွင်းဈေးနှုန်းများ အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော သုံးလတာကာလအတွင်း အိန္ဒိယနိုင်ငံရှိ ဟင်းခတ်အမွှေးအကြိုင် များ၏ ဈေးနှုန်းများ နှစ်ဆမြင့်တက်ခဲ့ကြောင်း Financial Express သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြခဲ့သည်။

မဟာရာ့ရှထရာ(Maharashtra)ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော နနွင်းလက်ကားဈေးနှုန်းမှာ ၁၀၀ ကီလို ဂရမ်လျှင် ရူပီး ၁၄၀၀၀ ရှိပြီး၊ တီလန်ဂါနာ(Telangana)နှင့် တမီနာဒူ(Tamil Nadu) ပြည်နယ်တို့တွင် ပြီးခဲ့သည့်ဧပြီလက နနွင်းလက်ကားဈေးနှုန်းမှာ ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၇၀၀၀ ရှိခဲ့ကြောင်း သိရသည်။

NCDEX အွန်လိုင်းကုန်စည်ဈေးကွက်တွင် နနွင်း၏လက်ငင်းဈေးနှုန်း(spot price)ကို ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၁၂၉၀၄ နှင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လွှဲပြောင်းပေးရန် သတ်မှတ်ထားသော နနွင်း၏ အနာဂတ်ဈေးနှုန်း(futures price)မှာ ၁ တန်လျှင် ရူပီး ၁၆၀၈၂ ဖြစ်ကြောင်း ဖော်ပြထားသည်။

ရာသီမဟုတ်မိုးရွာသွန်းခြင်းကြောင့် တောင်သူများ သီးနှံရိတ်သိမ်းမှုအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့သလို၊ ယခုနှစ်တွင် စိုက်ပျိုးချိန်နောက်ကျခဲ့သည့်အတွက် နနွင်းထုတ်လုပ်မှုအပေါ် ထိခိုက်စေခဲ့သည်ဟု နနွင်းကုန်သည်တစ်ဦးက ပြောကြား ခဲ့သည်။ ဧပြီလနှင့် မေလတွင် ရွာသွန်းခဲ့သောမိုးကြောင့် သီးနှံများစိုစွတ်မှုမြင့်မားခဲ့ပြီး ခြောက်သွေ့ရန် အချိန်မလုံလောက် ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မဟာရာ့ရှထရာ(Maharashtra)ပြည်နယ်တွင် တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ နနွင်းအိတ်ပေါင်း ၇ သိန်းနှင့် ၈ သိန်းခန့်ကို ထိခိုက်စေခဲ့ပြီး၊ အလေးချိန်အားဖြင့် တန်ချိန် ၃၅၀၀၀ မှ ၄၀၀၀၀ တန်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် သီးနှံရာသီ အနည်းငယ်အတွင်း နနွင်းစိုက်တောင်သူတစ်ချို့က အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခဲ့သည့်အတွက် နနွင်းအထွက်နည်း ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း အထွက်နှုန်းနည်းပါးမည်ဟု နနွင်းကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ထို့အပြင် နနွင်း ဈေးနှုန်းများ မြင့်မားလာမည်ဟူသော ခန့်မှန်းချက်ဖြင့် ကုန်သည်များနှင့် တောင်သူတစ်ချို့က နနွင်းကို လက်ဝယ် သိုလှောင်ထားခြင်းမျိုးရှိသည်ဟုဆိုသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ နနွင်းထွက်ရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းလျော့နည်းမည်ဟု ကုန်သည်များက ခန့်မှန်းထားကြသည်။

၂၀၂၂-၂၀၂၃ ခုနှစ် သီးနှံရာသီ(ဇူလိုင်လမှ ဇွန်လအထိ)တွင် နနွင်းထုတ်လုပ်မှု တန်ချိန် ၁ ဒသမ ၁၆ သန်းရှိကာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၂၂ သန်းရှိခဲ့သည့်အတွက် ၅ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု အိန္ဒိယနိုင်ငံ ဟင်းခတ်အမွှေးအကြိုင်ဘုတ်အဖွဲ့က ခန့်မှန်းထားသည်။ ယခုနှစ်တွင် နနွင်းစိုက်ဧကမှာ မဟာရာ့ရှထရာ (Maharashtra)၊ တမီနာဒူ(Tamil Nadu)၊ အန်ဒရာပရာဒတ်(Andhra Pradesh)နှင့် တီလန်ဂါနာ (Telangana)ပြည်နယ်တို့တွင် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားဖွယ်ရှိမည်ဟု အဆိုပါဘုတ်အဖွဲ့က ခန့်မှန်းထားသည်။

ပို့ကုန်ဈေးနှုန်းများမြင့်တက်ကာ ပြည်တွင်းစားသုံးမှု မြင့်တက်လာခြင်းကလည်း ပြည်တွင်းထုတ်လုပ်ရောင်းချမှုအပေါ် အကျိုးသက်ရောက်မှုများရှိသည်ဟု အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ပြည်ပသို့ နနွင်းတင်ပို့ရောင်းချမှု ၀ ဒသမ ၁၇ မက်ထရစ်တန်သို့ မြင့်တက်ခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ်ကထက် ၁၁ ရာခိုင်နှုန်း မြင့်တက် လာကြောင်း သိရသည်။

နနွင်းကို မုတ်သုံမိုးရာသီဝင်ရောက်သည်နှင့် စတင်စိုက်ပျိုးကြပြီး၊ ဩဂုတ်လအထိ တိုးချဲ့စိုက်ပျိုးကာ မတ်လနှင့်ဧပြီလ များတွင် ရိတ်သိမ်းမှုပြုကြကြောင်း သိရသည်။ နနွင်းအဓိကထုတ်လုပ်သော ပြည်နယ်များမှာ တီလန်ဂါနာ၊ မဟာရာ့ရှထရာ၊ ကာနာတာကာ၊ တမီနာဒူနှင့် အန်ဒရာပရာဒတ်ပြည်နယ်တို့ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်ရှိ အကြီးဆုံးသော နနွင်းထုတ်လုပ်၊ စားသုံး၊ တင်ပို့ရောင်းချသည့် နိုင်ငံတစ်ခုဖြစ်ပြီး၊ နနွင်း ၈၀ ရာခိုင်နှုန်းကို နှစ်စဉ်ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိကာ ၎င်း၏နောက်တွင် တရုတ်နိုင်ငံ(၈ ရာခိုင်နှုန်း)၊ မြန်မာနိုင်ငံ(၄ ရာခိုင်နှုန်း)၊ နိုင်ဂျီးရီးယားနိုင်ငံ (၃ ရာခိုင်နှုန်း)နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (၃ ရာခိုင်နှုန်း) အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

နနွင်းသည် ဟင်းချက်ရာတွင် မပါမဖြစ်သော ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ပြီး၊ ဆေးဖက်ဝင် အမယ်တစ်မျိုးလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း နနွင်းကို စိုက်ပျိုး၊ ထုတ်လုပ်စားသုံးလျက်ရှိပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချမှုရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ဈေးကွက်အရ ယှဉ်ပြိုင်နိုင်ခြင်းမရှိစေကာမူ တရုတ်နိုင်ငံပြီးလျှင် တတိယထုတ်လုပ်တင်ပို့မှု အများဆုံးဖြစ်ကြောင်း သိရပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း ပြည်တွင်းစားသုံးမှုဖူလုံစေရန် ပြည်ပတင်ပို့မှုလျှော့ချခြင်းနှင့် အိမ်နီးချင်းများထံမှ ပိုမိုဝယ်ယူတင်သွင်းမှုမျိုး ရှိလာနိုင်ပါသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော နနွင်းစိုက်ပျိုးထုတ်လုပ်၊ တင်ပို့မှုအခြေအနေ၊ ပြည်တွင်းဈေးနှုန်းမြင့်တက်လာမှုအခြေအနေကို သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

**ရည်ညွှန်း။ Financial Express၊ “After tomato, now turmeric turns red”၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2031072023%2021:40

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၄-၇-၂၀၂၃ မှ ၂၈-၇-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မုံရွာရှယ် ကျပ် ၂၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၁၅၀ ၊ မုံရွာလတ်သန့် ကျပ် ၂၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ မုံရွာရှယ် ကျပ် ၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၂စီး (၅၅၂၀၀၀ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၅ စီး (၇၅၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၃၃ စီး (၁၉၈၀၀၀ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၄၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ် ၂၈၀၀ (၈၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၁၀၀ (၃၃၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic(Ygn)-MITC**

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၆၁၂၂၁၃.၇၂၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၈၅၁၀၇၅၀.၈၇၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ Aluminium Ingot၊ ဆန်၊ ကြိမ်၊ ပြောင်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၇၅၆၀၄.၂၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၃၆၆၀၉.၄၇၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ဓါတုဗေဒချည်ခင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ ကားတာယာ၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၇၁၀၁၃၈.၈၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၈၀၀၇၁၂.၀၇၀ တင်သွင်းမှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့အထိ တစ်ဖက် တရုတ်ပြည်တွင် ဆန်မာ(၅၀)ကီလို တစ်အိတ်လျှင် ၁၈၀ ယွမ်၊ ဆန်ပျော့(၅၀)ကီလိုတစ်အိတ်လျှင် ၁၆၀ ယွမ်ဈေးပေါက်လျက်ရှိပြီး၊ မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၁ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃.၂၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲ အရောင်းသွက်၍ဈေးမြင့်လာ

ဩဂုတ်လ ပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲမှာ ဈေးအနည်းငယ်မြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ လက်ကျန်နည်းလာခြင်း၊ ပဲခွဲစက်များမှ ကုလားပဲခွဲခြမ်း အရောင်းသွက်ခြင်း၊ ဝယ်လိုအား ကောင်းခြင်းတို့ကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ကုလားပဲဖြူလုံးကြီး(V2) ၅၆.၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၉၀၀၀ မှ ၂၅၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၇၀၀၀ ၊ ယခင်လ ကျပ် ၂၅၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၆၀၀၀ မှ ၇၀၀၀ မြင့်တက်လာသည်။

ကုလားပဲ (ထိုင်ဝမ်) ၅၇.၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၃၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၁၅၄၀၀၀ မှ ၂၅၅၀၀၀ ၊ယခင်လ ကျပ် ၂၄၃၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၁၀၀၀ မှ ၂၀၀၀ နိမ့်ကျလာပြီး ၊ယခင်လ ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(929) ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၉၀၀၀ မှ ၂၆၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၉၀၀၀ မှ ၂၆၀၀၀၀ ၊ယခင်လ ကျပ် ၂၄၈၀၀၀ မှ ၂၅၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ မြင့်တက်လာသည်။

ကုလားပဲဖြူလုံးကြီး(V7) ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၁၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၉၀၀၀ မှ ၂၆၀၀၀၀ ၊ ယခင်လ ကျပ် ၂၅၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀ ၊ ယခင်လထက် ကျပ် ၈၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ၂၀၂၂-၂၀၂၅ ခုနှစ် ဒုတိယအကြိမ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ၂၀၂၂-၂၀၂၅ ခုနှစ် ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(SSSCCI)၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်တွင် ပြောင်းသီးနှံအများဆုံး ထွက်ရှိပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ပို့ဆောင်နိုင်သည်အတွက် နိုင်ငံ၏ဝင်ငွေ တိုးပွားစေခြင်းဖြင့် ပြောင်းစိုက်တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် ပြောင်းစိုက်ပျိုးမှုမှာ တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၆၀ % ခန့်ရှိသဖြင့် အဓိက ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကောင်းသည့် သီးနှံများရရှိရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်သလို စိုက်ပျိုးမှုစနစ်သည်လည်း စနစ်ကျရန်အရေးကြီးသည်ကို တွေ့ရှိ ရကြောင်း၊ ဒါ့ကြောင့် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများအနေဖြင့် ပြောင်းအသင်းဝင်များမှ အခြေခံပြီး ပြောင်းစိုက်တောင်သူတစ်ရပ်လုံး မျိုးကောင်းမျိုးသန့်ရရှိရေး အရည်အသွေးမှန်ကန်သည့် သွင်းအားစုဖြန့်ဖြူးသည့် လုပ်ငန်းရှင် များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ပူးပေါင်းစေလိုကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေး ဒေသများဖြစ်သည့် တရုတ်နိုင်ငံသို့ မူဆယ်၊ ချင်းရွှေဟော်ဒေသများ၊ ထိုင်းနိုင်ငံသို့ မြဝတီမြို့နှင့် တာချီလိတ်မြို့ တို့မှ တင်ပို့တာကိုတွေ့ရှိရပြီး ယခုအခါ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှစစ်ဆေးခံ၍ လာအို၊ ထိုင်းနှင့်မြန်မာနယ်စပ် ဒေသ ဝမ်ပုံဆိပ်ကမ်းမှတဆင့်လည်း လမ်းကြောင်းအသစ်အနေဖြင့် တင်ပို့နိုင်မှာဖြစ်ကြောင်း၊ ပြောင်းလုပ်ငန်းရှင်ကြီးများ အနေဖြင့် ရှမ်းပြည်နယ်ရဲ့ အဓိကစိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်းသီးနှံအပြင် ကော်ဖီ၊ လက်ဖက်၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများကို ပြည်တွင်းရောင်းဝယ်မှုသာမက ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းများအတွက် လာရောက်ရင်းနှီးမြှုပ်နှံမှု များ ဆောင်ရွက်စေလိုကြောင်း ရင်းနှီးမြှုပ်နှံမှုများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါ ကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးချမ်းနှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကျေးဇူးတင်စကားများပြောကြားပြီး မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းကိစ္စရပ်များ၊ ထုတ်လုပ်မှု၊ ဈေးကွက် အခြေအနေများကို စကားဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းနှင့် အသင်းသားရေးရာ အစည်းအဝေးများကို ဆက်လက် ဆောင်ရွက်ခဲ့ပြီး အခမ်းအနားကို ညနေ(၄:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**Source: Myantrade Shan –TGI**

## အရန်ဆန်များကို တစ်အိတ်လျှင် (၆၀,၀၀၀) ကျပ်နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ကနဦးရောင်းချပေးမည်

သိုလှောင်ထားပြီးသော အရန်ဆန်များကို တစ်အိတ်လျှင် (၆၀,၀၀၀) ကျပ်နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ကနဦးရောင်းချ ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ကြေညာထားသည်။

အသင်းချုပ်မှ ပြီးခဲ့သည့် ဇူလိုင်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာထားသော ဆန်အိတ် (၅၀,၀၀၀) (Well Milled, Polished & Sortexed) ၂၅%အဆင့် ဧည့်မထဆန်များကို တစ်အိတ်လျှင် (၆၀,၀၀၀) ကျပ်နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ကနဦး စတင်ရောင်းချရန် စီစဉ်သွားမည်ဖြစ်ကြောင်း ဈေးကွက်အတွင်းသို့ ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုအရ သိုလှောင်ထားပြီးသော အရန်ဆန်များကို သက်သာသောဈေးနှုန်းဖြင့် စက်မှုဇုန်မှ အခြေခံအလုပ်သမား မိသားစုများ၊ ဌာနဆိုင်ရာ လစာနည်းဝန်ထမ်းများအား ရောင်းချပေးခြင်း၊ လုပ်သား ပြည်သူများသို့ ဆန်ကုန်စည်ဒိုင်များ၊ စည်ပင်သာယာဈေး အရောင်းဆိုင်များမှတဆင့် ရောင်းချပေးခြင်း အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် စီစဉ်စုဆောင်းထားသော အရန်ဆန်များအား ဈေးကွက်ပေါက်ဈေးအောက်တွင် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ်လ (၂)ရက်နေ့တွင် ကုန်သည် စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး အပါအဝင် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ အသင်းချုပ်၏ ဆန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ပြည်ပဆန် တင်ပို့နေသည့် Exporter ကုမ္ပဏီကြီးများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=123474

## ထိုင်းနှင့်ဗီယက်နမ် ဆန်တင်ပို့သူများ ဆန်တန်ချိန် ၅ သိန်းကို ဈေးနှုန်းများပြန်လည်ညှိနှိုင်း

အိန္ဒိယက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု ပိတ်ပင်လိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးမြင့်တက်သဖြင့် ပြည်တွင်း စပါးဈေးနှုန်းများလည်း မြင့်တက်သွားကြောင့် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ဆန်တင်ပို့ရောင်းချသူများသည် သြဂုတ်လအတွက် မက်ထရစ်တန်ချိန် ငါးသိန်းခန့် တင်ပို့ရောင်းချရန် စာချုပ်ပါဈေးနှုန်းများကို ပြန်လည်ညှိနှိုင်းနေကြသည်။

အိန္ဒိယမှ ဆန်တင်ပို့မှုပိတ်ပင်ခြင်းကြောင့် ကမ္ဘာ့ဆန်ဈေးမြင့်တက်သည့်အတွက် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ စပါးရောင်း သည့် လယ်သမားများနှင့် ဆန်တင်ပို့သူများ အမြတ်ထွက်ကြမည်ဖြစ်သည်။ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ဆန်ဝယ်ယူ တင်သွင်းရသူများ ဈေးပိုပေးကြရမည်ဖြစ်သည်။

အိန္ဒိယမှ ဆန်တင်ပို့မှုပိတ်ပင်ခြင်းမပြုခင်က ချုပ်ဆိုထားသည့် စာချုပ်ပါဈေးနှုန်းများဖြင့် ဆန်တင်ပို့ပေးကြတော့မည် မဟုတ်ချေ။ အဆိုပါ ဆန်အရောင်းအဝယ်စာချုပ်များကို ဆန်တင်ပို့သူတို့က ဈေးနှုန်းများ ပြန်လည်ညှိနှိုင်းနေကြသည်။

အိန္ဒိယမှ ဆန်တင်ပို့မှု ပိတ်ပင်ခြင်းကြောင့် ဆန်ဝယ်ယူတင်သွင်းရသည့် နိုင်ငံများသည် ဝယ်စရာဆန် မရှိတော့မည့်အရေးကို စိုးရိမ်ပူပန်နေကြသည်။ ဆန်တင်သွင်းသူတွေမှာ ရွေးချယ်စရာမရှိပါ။ ဈေးအမြင့်ဖြင့်ပေးချေပြီး ဝယ်ယူကြရမည် ဖြစ်သည်။ "အိန္ဒိယက ဆန်ပို့ကုန်တွေကို ပိတ်ပင်လိုက်တဲ့အတွက် ဈေးနှုန်းတွေတက်သွားပြီး တင်ပို့သူတွေအနေနဲ့ ယခင်ဈေးနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်တွေကို တင်ပို့ပေးဖို့ ခဲယဉ်းပါတယ်" ဟု စင်ကာပူမှ ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

အိန္ဒိယသည် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ထိုင်းသည် ဆန်ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ ဗီယက်နမ်သည် တတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ သြဂုတ်လတွင် ထိုင်းနှင့်ဗီယက်နမ် နှစ်နိုင်ငံ စုစုပေါင်း ဆန်တန်ချိန် ၁ သန်းကျော် တင်ပို့ကြမည်ဖြစ်သည်။

အိန္ဒိယက ဇူလိုင် ၂၀ ရက်တွင် ဆန်တင်ပို့မှု တားမြစ်ပိတ်ပင်ထားချိန်မှစ၍ ကမ္ဘာတစ်ဝှမ်းသို့တင်ပို့သည့် အဓိက ဆန်မျိုးကွဲများ၏ ကမ္ဘာ့ဈေးနှုန်းများသည် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၈၀ ခန့် မြင့်တက်ခဲ့သည်။ ၅% ဆန်ကွဲပါ ထိုင်းဆန်သည် လွန်ခဲ့သည့် ၂ ပတ်က ခေါ်ဈေး တစ်တန်လျှင် $545 ရှိခဲ့ပြီး ယခုအခါ $625 သို့ ရောက်ရှိနေသည်။ ၅% ဆန်ကွဲပါ ဗီယက်နမ်ဆန်သည် လွန်ခဲ့သည့် ၂ ပတ်က ခေါ်ဈေး တစ်တန်လျှင် $515-$525 ရှိခဲ့ပြီး ယခုအခါ $590 သို့ ရောက်ရှိနေသည်။

"လက်ရှိပေါက်ဈေးက စာချုပ်ပါဈေးထက် အများကြီးမြင့်နေတယ်"ဟု ဟိုချီမင်းမြို့မှ ကုန်သည်တစ်ဦးကပြောသည်။ "ပြည်တွင်းစပါးဈေးတွေ ဈေးထိုးတက်လို့ ပို့ကုန်ဆန်ဈေးလည်း မြင့်တက်သွားတယ်" ဟု ၎င်းကပြောကြားသည်။ "လုပ်ငန်း ကြီးတွေ စာချုပ်အတိုင်းပေးပို့နိုင်ကြပေမဲ့ လုပ်ငန်းအငယ်တွေကတော့ ပေးပို့နိုင်တော့မှာမဟုတ်ဘူး"ဟု ၎င်းက ပြောကြား သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6600-rice.html

## ရေချွေတာရန် ထိုင်းစပါးလျှော့စိုက်

မိုးရွာသွန်းမှုလျော့နည်းခြင်းကြောင့် ရေချွေတာရန်အတွက် ထိုင်းအာဏာပိုင်တို့က လယ်သမားများကို စပါးလျှော့စိုက်ရန် အဆိုပြုချက်သည် ကမ္ဘာ့ဆန်ဈေးကွက်အတွက် ကြောင့်ကြစရာတစ်ခု ဖြစ်နေသည်။

ဆန်အများဆုံးတင်ပို့သည့် အိန္ဒိယက ဆန်တင်ပို့မှု အတော်များများကို ပိတ်ပင်လိုက်ခြင်းအပြင် ဆန် ဒုတိယအများဆုံး တင်ပို့သည့် ထိုင်းနိုင်ငံက စပါးလျှော့စိုက်သဖြင့် ကမ္ဘာ့ဆန်ဈေး မြင့်တက်တော့မည်ဖြစ်သည်။ ထိုင်းနိုင်ငံ အလယ်ပိုင်း လွင်ပြင်ဒေသရှိ လယ်သမားများသည် ၎င်းတို့၏ စပါးခင်းအများစုကို စိုက်ပျိုးထားပြီးဖြစ်သော်လည်း ရေသုံးစွဲမှုနည်းသော အခြားသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးရန် ထိုင်းအစိုးရက တွန်းအားပေးလျက်ရှိသည်။

ထိုင်းနိုင်ငံသည် အယ်လ်နီညိုရာသီဥတုပုံစံကြောင့် ခြောက်သွေ့သောအခြေအနေသို့ ဦးတည်နေသဖြင့် မိုးရွာသွန်းမှု လျော့နည်းနေပြီး လာမည့်နှစ်တွင် မိုးခေါင်ရေရှားမည့် အလားအလာ ရှိနေသည်။

လက်ရှိအချိန်အထိ အလယ်ပိုင်းဒေသတွင် စုစုပေါင်း မိုးရေချိန်သည် ပုံမှန်အဆင့်အောက် ၄၀ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ရေသုံးစွဲမှုများသည့် စပါးစိုက်ပျိုးခြင်းကို လျှော့ချပြီး အိမ်ထောင်စုများအတွက် ရေရရှိအောင် ရေကို ထိန်းသိမ်းထားမည် ဖြစ်သည်ဟု အမျိုးသား ရေအရင်းအမြစ်ရုံး Office of the National Water Resources (ONWR) မှ အထွေထွေအတွင်းရေးမှူး Surasri Kidtimonton မှ ပြောကြားပါသည်။ "စိုးရိမ်ပူပန်စရာက အယ်နီညိုဖြစ်စဉ်ဟာ ၂၀၂၅ ခုနှစ်အထိ ရောက်သွားနိုင်ပါတယ်။ ရေစီမံခန့်ခွဲမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂရုတစိုက်နဲ့ စီစဉ်ရမယ်"ဟု Mr Surasri က ပြောကြားသည်။

စပါးမစိုက်ပျိုးရသေးသော လယ်သမားများကို ၎င်းတို့၏အစီအစဉ်များကို ရွှေ့ဆိုင်းထားရန် သို့မဟုတ် မိုးခေါင်ရေရှား ဒဏ်ခံနိုင်သော အပင်များကို ပြောင်းလဲစိုက်ပျိုးရန် တိုက်တွန်းထားကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၏ အလယ်ပိုင်းဒေသသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းစပါးစိုက်ပျိုးဧရိယာ၏ ၁၄ % နီးပါးရှိမည်ဟု ခန့်မှန်း ထားသည်။ ၂၀၂၃-၂၄ တွင် စပါးရိတ်သိမ်းမှု၏ ၁၉% ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ အဆိုပါဧရိယာရှိ အဓိက ရေလှောင်ဆည်များတွင် ရေပမာဏသည် ၅၁ ရာခိုင်နှုန်းခန့်ရှိကြောင်း Mr Surasri က ပြောကြားခဲ့သည်။

အယ်လ်နီညိုကြောင့် ပုံမှန်ထက် မိုးရွာသွန်းမှု နည်းပါးလာနိုင်ကြောင်း အစိုးရက ယခင်က သတိပေးထားပြီး လယ်သမား များအား ပုံမှန်အားဖြင့် စပါးနှစ်ကြိမ် စိုက်ပျိုးခြင်းအစား ယခုနှစ်တွင် တစ်ကြိမ်သာ စိုက်ပျိုးကြရန် အကြံပြုထားသည်။

ထိုင်းနိုင်ငံတွင် ရေသုံးစွဲမှုနှင့်ပတ်သက်၍ အဓိကဦးစားပေးမှာ အိမ်ထောင်စုများ သုံးစွဲမှု ဖြစ်သည်။ "လူတွေက ရေကို လျှော့သုံးဖို့ အရေးကြီးတယ်"ဟု Mr Surasri က ပြောကြားသည်။

**Source: bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6601-rice.html

## ပြည်တွင်း နှမ်းနက်(စမုံ)လက်ကျန်နည်းနေကာ ဈေးငြိမ်နေ

ပြည်တွင်း၌ နှမ်းနက်(စမုံ)လက်ကျန်နည်းလာကာ ဈေးငြိမ်နေကြောင်း နှမ်းကုန်သည်များထံမှ သိရသည်။ ယင်းအပြင် ယခင်က မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး နှမ်းလက်ကျန်နည်းနေပြီး တချို့ နိုင်ငံများမှာ တင်ပို့ရန်ခက်ခဲမှုများ ရှိသောကြောင့် တရုတ်နိုင်ငံတခုတည်းက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းနှမ်းဈေးကွက်မှာ အဝယ်သိပ်မရှိကြောင်းလည်း နှမ်းကုန်သည်တချို့က ပြောသည်။ " နှမ်းက ဈေးငြိမ်နေတယ်။ နှမ်းအသစ်ပေါ်မှပဲပြန်စတော့မယ်။ အခုက တရုတ်ဝယ်လက်တစ်ခုပဲရှိတယ်။ ဒီဈေးမှာပဲ တန်းနေတာ ကြာပြီ။ တက်လဲမတက်ဘူး ကျလဲမကျဘူး ဖြစ်နေတယ်။ ပစ္စည်းကလဲသိပ်မရှိဘူး လိုတဲ့အခါဝယ်ကြ မလိုတဲ့အခါ မဝယ်လိုက် ပေါ့ " ဟု အောင်လံမြို့မှ နှမ်းကုန်သည် ဦးအောင်မိုးကပြောသည်။

လက်ရှိ နှမ်းနက်(စမုံ) ၄၅ ပိဿာဂင် တစ်အိတ်ကို သုံးသိန်းကျော်ဖြင့် ဈေးငြိမ်နေသည်မှာ ရက်အနည်းငယ်ကြာနေပြီ ဖြစ်ကြောင်းသိရသည်။ လက်ရှိကာလတွင် တရုတ်ဘက်မှ လိုမှသာဝယ်ယူမှုရှိ၍ ပြည်တွင်း၌ အရောင်းအဝယ်သိပ်မရှိကြောင်း နှမ်း exporter တစ်ဦးကပြောသည်။ "ပစ္စည်းကမရှိလို့သာ ရှိရင်လဲဈေးကွက်အေးသွားနိုင်တာပေါ့။ အခုပစ္စည်းကမရှိတော့ မသွက်ဘူး။ မသွက်ဘူးဆိုပေမဲ့ လိုအပ်တဲ့အခါ ထထဝယ်တယ်။ တရုတ်နိုင်ငံတခုပဲ နှမ်းနက်(စမုံ)ကို တင်ပို့နေတယ်။ တရုတ် ဘက်ကို နယ်စပ်ကနေတဆင့်ပဲ သွားနေတယ်။ ဒါပေမဲ့ demand သိပ်မကောင်းဘူး" ဟု မန္တလေးမြို့မှ နှမ်းကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်းနှမ်းများကို တစ်နှစ်လျှင် တရုတ်ဘက်သို့ တန်ချိန် ၃သိန်းခန့် တင်ပို့လျက်ရှိကြောင်းသိရသည်။ နှမ်းဈေးကွက်မှာ အက်စစ်အောင်သည့်နှမ်းများသာ အဓိကထား အရောင်းအဝယ်လုပ်ကြပြီး လက်ရှိ အက်စစ်အောင်သည့်နှမ်းမှာလည်း ဈေးကွက်တွင် မရှိတော့ကြောင်း သိရသည်။

နှမ်းအသစ်များမှာ စက်တင်ဘာလလယ်ခန့်မှသာ ပြန်လည်ပေါ်မည်ဖြစ်ပြီး နှမ်းစိုက်ချိန်က မိုးခေါင်ခဲ့သည့်အတွက် အထွက်နှုန်းကျဆင်းနိုင်ကြောင်းသိရသည်။ သို့သော် နောက်ပိုင်း မိုးပြန်လည်ဆက်တိုက်ရွာသွန်းလာပါက အထွက်နှုန်းကျဆင်းနိုင်မည်မဟုတ်ကြောင်း သုံးသပ်ကြသည်။

**(AMIA)**

**Source:** https://t.me/htwettoe

## STOCK EXCHANGE (3.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Aug. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 22,685 (Shares) | 60,992,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 701 | 5,944,200 | 33,109,694 | 281,432 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 12,298 | 35,732,050 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 296 | 2,160,800 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 2,970 | 4,603,500 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | -100 | -4.17% | 2,300 | 2,300 | 2,300 | 810 | 1,863,000 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 5,600 | 10,640,000 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 3rd Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.31 | -0.03 | -0.01% | 364.58 | 366.31 | 364.58 | 22,685 | 60,992,550 | 8 | 690,930 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stoc Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Aug. 2023

| Trading Volume | Trading Value |
|---|---|
| 22,685 (Shares) | 60,992,550 (MMK) |

## Main Board

As of 1:00 pm, 3rd Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,685 (Shares) | 60,992,550 (MMK) |

| MYANPIX | 366.31 ▼ 0.03 |
|---|---|
| Total Volume (shares) | 22,685 |
| Total Value (MMK) | 61 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,930 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,300 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR